# ကံဆိုတာ အဲဒါပါပဲ

အရှင်ကေလာသ
ဇွန် ၁၈၊ ၂၀၁၅။
www.kelasa.org

## ဖော်ရွေလွန်းလို့

ဇွန် ၆–နေ့ (၂၀၁၅)ကပေါ့။ ဘုန်းကြီးကျောင်းနဲ့ ၄၅–မိနစ် လောက် ကားမောင်းရတဲ့ Phoenix မြို့ထဲ တစ်နေရာမှာ ဆေးခန်း သွားပြတဲ့နေ့။ အဲဒီ နေရာကို မကျွမ်းကျင်တာနဲ့ အချိန်မီ ရောက်အောင်လို့ ဆေးခန်းနဲ့ မဝေးတဲ့ နေရာမှာ နေတဲ့ ဒကာကို အကူအညီ တောင်းရတယ်။ ဒကာနဲ့ဆို ဘုန်းကြီး ကျောင်းက ၁–နာရီ ခရီးပဲ။ ဒီတော့ ဘုန်းကြီးရဲ့ ၈–နာရီ ဆေးခန်းချိန်ကို မီအောင်လုပ်ရတဲ့ သူ့စေတနာနဲ့ သူ့ဝီရိယကို အသိအမှတ် မပြုဘဲ မနေနိုင်ဘူး။ ပြီးရင် ကိုယ့် ဒကာက ရိုမန်ကက်သိုလစ် ခရစ်ယန် ဘာသာဝင် ဖြစ်လို့ ပို ပြီး လေးစားရတယ်။ သူ့နာမည် ကိုမျိုးတင့်။

ဆေးခန်းကိစ္စက ၁၀–နာရီဆို ပြီးသွားပါပြီ။ သူက အိမ်မှာ ခေါက်ဆွဲဆွမ်း ချက်ကပ်ချင်တယ် ဆိုတော့ အငြိမ်း စား ယူထားတဲ့ တစ်ဦးတည်း နေထိုင်သူ ဖြစ်လို့ လိုက် သွားတယ်။ ဆွမ်းစားပြီးတော့လည်း ဖော်ရွေသူ ဒကာက ဘယ်ကို ပို့ပေးရအုံးမလဲတဲ့။ ဒါနဲ့ ဘုန်းကြီးကျောင်းကို ပြန် အလာမှာ ဘုန်းကြီးကျောင်းကို ကျော်ဖြတ်ပြီး အရှေ့ဖက်ကို မိနစ် ၂၀–လောက် ဆက်သွားရတဲ့ 'အရီဇိုးနား အိုအေ စစ်'ကို အပျင်းပြေ သွားဖြစ်ကြတယ်။

## အရီဇိုးနား အိုအေစစ်

ဒီနေရာလေးက နာမည်ကြီး အထင်ကရ မဟုတ်လို့ လူသူ အရောက် နည်းပုံရပေမယ့် နှစ်သက်စရာ ကောင်းတယ်။ ထန်းပင်မြင့်တွေ၊ နှစ်ပေါင်း ၁၈၀–လောက် သက်တမ်းရှိတဲ့ ယူကလစ်ပင်တွေ၊ အခြား သစ်ပင်ကြီးတွေနဲ့ ကန္တာရပင် မျိုးစုံရှိတယ်။ ကျောက်ဆောင်၊ ကျောက်ဂူ၊ စမ်းချောင်းတွေ ရှိတယ်။ တောင်ပေါ်မှာ ကျေးငှက်တို့ပျော်ရာ ကြာပန်းအိုင် ငယ် တစ်ခုလည်း ရှိတယ်။ လူလုပ်ထားတာ ဆိုပေမယ့် နှစ်လုံးပေါက် ရေမခန်းဘူး။ အရိပ်အာဝါသ ကောင်းလို့ ရုံး ပိတ်ရက်တွေမှာ picnic (ပျော်ပွဲစား) လာတဲ့လူ တွေနဲ့ စည်ကားလေ့ ရှိတယ်။

အရီဇိုးနား အိုအေစစ် ဆိုတာ ဘုန်းကြီး ပေးထားတဲ့ Nick Name ပါ။ နာမည် အမှန်က Boyce Thompson Arboretum State Park တဲ့။ ဧက ၄၀၀ နီးပါးရှိပြီး ပြည် နယ်အစိုးရ ထိန်းသိမ်းထားတဲ့ ပန်းခြံပါ။ ဝင်ကြေး လူကြီး ၁၀–ဒေါ်လာ၊ ကလေး ၅–ဒေါ်လာ။

## ဆူးတော ဝက်ပါ

ဘုန်းကြီးက ဒီပန်းခြံမှာ အဖွဲ့ဝင်လုပ်ထားလို့ အပို လူနှစ် ယောက် အလကား ဝင်လို့ရတယ်။ အဝင်ဂိတ်ကို ရောက် သွားတဲ့ အချိန် နေပူရင်း မိုးဖွဲဖွဲ ရွာပေမယ့် ပန်းခြံထဲ ရောက်တော့ မိုးစဲသွားပြီ။ ညက မိုးရွာထားလို့ ဖုန်မရှိဘူး။ ဒကာက ဓာတ်ပုံရိုက် ဝါသနာပါတော့ သူ့ရိုက်မှ ကိုယ် လည်း တယ်လီဖုန်းနဲ့ ဟိုနားဒီနား လိုက်ရိုက် ဖြစ်တယ်။ ပင်မလမ်းက ခွဲထွက်တဲ့ တောင်တက် တောင်ဆင်း လမ်း တိုလေးတွေအတိုင်း တစ်လမ်းဝင် တစ်လမ်းထွက်နဲ့ သစ် ပင် အမျိုးမျိုးကို ကြည့်ရင်း လမ်းလျှောက်ရတာမျိုး။ ဒီ အရပ် ဒေသမှာ ပေါက်တဲ့ ကက်တပ်စ်လို့ ခေါ်တဲ့ ဆူးပင် အမျိုးမျိုးကိုတော့ ဝက်ပါပုံ လမ်းဖော်ပြီး လမ်းဘေး ဝဲယာ မှာ စနစ်တကျ စိုက်ထားတယ်။ ကန္တာရရဲ့ ဆူးတော ဝက်ပါလို့ ခေါ်ရမလိုဘဲ။





ဆူးလုံးကို ရှုပျော် အောင် ဖန်တီးထား လိုက်ပုံများ (ပေါ်)

ကျောက်ဆောင်က ဘာနဲ့တူလဲ (ယာ)

## ကန္တာရ မင်းသားနဲ့ တွေ့ခြင်း

အဲဒီ ကန္တာရ ဆူးတော ဝက်ပါရဲ့ လမ်းဘေး ဝဲယာမှာ ရှိတဲ့ စူပါဆူးလုံး၊ ဆူးချောင်းရှည် (အိုခ်ီတီယို)၊ အပွင့်တွေ ဝေနေ တဲ့ ဆူးပြား (prickly pear) တွေကို ငေးပြီး လမ်းရှေ့ကို မ ကြည့်ဘဲ တဖြည်းဖြည်း ဘေး တိုက် လျှောက်လာရင်း .. ရှေ့တစ်လှမ်း အတွက် ဘယ်ခြေထောက်ကို ကြွထားဆဲ .. ရှေ့ကို မကြည့်ဘဲ လျှောက်လာတာ များပြီ၊ ဖိနပ်လည်း မ လုံဘူး၊ ဆူးကို နင်းမိအုံးမယ် ဆိုပြီး ကြွဆဲ ခြေထောက်ကို ပြန် မချသေးဘဲ ဆတ်ကနဲ ရှေ့ကို ကြည့်လိုက်စဉ် (စက္ကန့် ပိုင်းအတွင်း စဉ်းစားဆုံးဖြတ်တာ) ..

ခြေအောက် တည့်တည့်မှာ အရာတစ်ခုကို တွေ့တယ်။ အနက်ရောင် နေကာမျက်မှန် တပ်ထားလို့ ချက်ခြင်း ဘာ ရယ်လို့ မသေးကွဲဘူး။ ပထမတော့ တစ်လက်မ ပိုက်လုံး

လောက်ရှိတဲ့ ကြိုးသုံးပင်လိုလို တုတ်သုံးချောင်းလိုလို ထင်မိပေမယ့် အပေါ်က အစက် အပြောက်တွေနဲ့ ခေါင်းပိုင်းကို မြင်တော့မှ မလှုပ်မယှက် ငြိမ်သက် လွန်းနေတာနဲ့ မြွေရုပ် အတုလို့ ထင်ပြီး ခြေထောက်နဲ့ ထိကြည့်တော့မလို့ (အဲဒီလိုမျိုး လမ်းမပေါ်မှာ မြွေအစစ် မည်သည့် နည်းနဲ့မျှ မရှိနိုင်ဘူးလို့ စိတ်ထဲမှာ ယုံကြည်မိတာကိုး)။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ ကလေးတွေ အထိတ်တလန့် ဖြစ်မယ့်ဟာမျိုး ပန်းခြံ လုပ်သားတွေ မလုပ်တန်ရာဘူး ဆိုပြီး (ဒီအတွေးတွေ အားလုံး တစ်မိနစ် မကြာပါဘူး၊ စက္ကန့်ပိုင်း အတွင်း အလွန် လျင်မြန်စွာ ဆုံးဖြတ်ခဲ့တာပါ) လှသားကနဲ ဟိုဖက်ကို ခုန်ချလိုက်တယ်။ သုံးပေလောက်အကွာက သေချာ ပြန်ပြီး စိုက်ကြည့်တော့မှ မင်းသားက စပြီး ရွေ့ တာဗျို့။ အတုမဟုတ်ဘူး၊ အစစ်ကြီး။ လား .. လား .. အဲဒီတော့မှ ဖြန်းကနဲ ကြက်သီး မွေးညင်း ထသွားတာပဲ။



သေချာ စိုက်ကြည့်နေမှ လမ်းလယ်မှာ ခွေနေတဲ့ မင်းသားက ဣန္ဒြေ တစ်ခွဲသားနဲ့ စပြီး ရွေ့တာ ..



ကန္တာရ မင်းသား သူ့ရဲ့ ဗိမာန်ထဲကို လျှိုးဝင် သွားစဉ်

ဒကာ ကိုမျိုးတင့်ရေ မြွေကြီးဗျ .. ဓာတ်ပုံရိုက် .. ဓာတ်ပုံရိုက်။ ဘုန်းကြီးလည်း မြွေကြီး အခွေ မစန့်ခင် သုံးလေးပုံ ရိုက်တယ်။ ဒါပေမယ့် ကိုယ့်မျက်နှာကို ကိုယ်ရိုက်မိလျက်သား ဖြစ်နေလို့ (တယ်လီဖုန်းနဲ့ ရိုက်တာလေ) အဲဒီပုံတွေ မရလိုက်ဘူး (ငယ်ငယ်က ရွာကို ဓားမြဝင်လို့ အူယားဖားယား ပြေးကြတော့ ပုဆိုး ဘယ်ကျွတ်ကျန်ခဲ့မှန်း မသိတာကို အမှတ်ရပြီး ရယ်မိသေးတယ်)။ အမြင်အရ အရှည် ၆ါးပေ ကျော်မယ်။ Kingsnake လို့ခေါ်တယ်။ မြွေဟောက် မျိုးစိတ်ပဲ။ မြွေပွေးလို အဆိပ်ပြင်းတဲ့ ခလောက်မြွေ အပါအဝင် ဇာတ်တူ မြွေသားကို စားသတဲ့။ လူတွေကို ကိုက်ရင်တော့ သေလောက်တဲ့ထိ အဆိပ် မပြင်းဘူးလို့ သိရတယ်။ ဘာပဲဖြစ်ဖြစ် ကိုက်ခံရရင် အနည်းဆုံး ဆေးရုံဆေးခန်းတော့ ရောက်သွားမှာပဲ။



ဒီ ဆူးပြားပင်ရဲ့ ဆူးကို ရှင်းပြီး အရွက်ကို စားတယ်။ ညောင်ဖူး အရသာလို ချဉ်ပြုံးပြုံး။ ဆေးဖက်ဝင်သတဲ့ ..



ဆက်နေတဲ့ အရွက်နှစ်ခုရဲ့ သစ္စတရားနဲ့ အချင်းချင်း နားလည်မှုက ခိုင်မာတယ်။ လွယ်လွယ်နဲ့ ချိုးလို့ မရဘူး။

## ကံဆိုတာ အဲဒါပဲ

ဘုန်းကြီးကတော့ မြွေကို မနင်းမိခဲ့တာနဲ့ ပတ်သတ်ပြီး ခုထိ အံ့သြပြီး အသည်း ယားနေတုန်းပဲ။ လုံးဝ နင်းမိသွားနိုင်တဲ့ အခြေအနေပါ။ စက္ကန့်ပိုင်းအတွင်း ဒါလောက် မှန်မှန် မြန်မြန် ဆုံးဖြတ်နိုင်တာဟာ ရိုးရိုးတော့ မဟုတ်လောက်ဘူး။ တစ်ခါတစ်ရံ သေချာ ကြည့်ရှု စဉ်းစားပြီး လုပ်တာတောင် မှားတတ်သေးတယ် မဟုတ်လား။ တကယ့် ဆန်းကြယ်တဲ့ ကံတရားလို့ပဲ ယုံကြည်နေတယ်။ ရွတ်ပွားထားတဲ့ စရဏအကျိုးလည်း ပါနိုင်တာပဲ။ တက္ကဆပ်စ်၊ ဆန်အန်တိုနီယိုက ကျောင်းမှာ ရောက်ခိုက် အိပ်မယ် လုပ်တုန်း နဖူးပေါ်ကို ကင်းမြီးကောက် ပြုတ်ကျလာတုန်းကလည်း ဘေးမသီ ရန်မခခဲ့ဘူး (ဒီအကြောင်းကို www.kelasa.org ဓမ္မအမေး အဖြေ၊ မေးခွန်း အမှတ် ၃၀၂ မှာ ဖတ်ကြည့်ပါ)။

'လူ့ကံဆိုတာ ဆန်းကြယ်တယ်။ လူ့ကံ လူ့ကံလို့ မြန်မြန်ပြောရင် တရုတ် စကားတောင် ဖြစ်သွားတာပဲ' ဆိုတဲ့ ဘာဝတ္တုထဲက မောင်ထင်ရဲ့ စကားကို အမှတ်ရပြီး (ဘာမှ မဖြစ်ခဲ့လို့) ပြုံးနိုင်ပါသေးရဲ့။ ❑